အောင်မြင်စာပေ ဂ ဇွန် ရ ဆန်း ကြယ် လုံး ချင်း ဝ ဏ္ဏ သစ်

တိုစက္ကာ

ဒုတိယ

ပရာ မှော်ဝင်ပြိုး

ပန်းချီ ရန်ဝင်းလွင်

စာရေးသူ၏ အမှာ စာ

ကျွန်တော့်အနေနှင့် ယခုဝတ္ထု ရေးပြီးသည် အထိ ဂန္ဓီရ ဆန်းကြယ် ဝတ္ထုပေါင်း(၁၈၀)ခန့်ရှိပေပြီ။

သို့သော်လည်း အီဂျစ်နှင့် ပတ်သက်သော ဂန္ဓီရဇာတ် လမ်းများ မရှိ သေးပေ။

အီဂျစ်သည် ဂန္ဓီရနှင့် သက်ဆိုင်သောပညာရပ်များကို ရှေးနှစ်ပေါင်း များ စွာကတည်းက စတင်ထူထောင်ခဲ့ကြရာ ၎င်းတို့ နှင့် ပတ်သက် သော အံ့သြဖွယ်ရာများ စွာတို့ ရှိခဲ့ပေသည် ။

ထိုအကြောင်းကို ဝတ္ထုရေးရန် ဆန္ဒရှိသော်လည်း အချက်အလက်များ စုဆောင်းနေရသောကြောင့် ယခုမှ ပင် ရေးသားနိုင် ပေတော့သည် ။

ဂန္ဓီရနှင့် သုတရသပညာရပ်များကို နှစ်သက်ကြသော ကျွန်တော့်စာ ဖတ်ပရိသတ်များ နှစ်သက်စေနိုင်မည့် ဝတ္ထုဇာတ် လမ်းတစ်ခုဖြစ်ပါသ ည် ။

တစ်ခုပဲ ဝန်ခံစရာရှိပါသည် ။

ဇာတ်လမ်းကျောရိုးဖွဲ့ရာမှာ တော့ ဆရာလင်းယုန်တင့် ဆွေ၏ အီဂျ စ်လောကီပညာစာအုပ်ထဲမှ အချို့ကို မှီငြမ်းအသုံးပြု ခဲ့ရပါသည် ။

နောက်တစ်ချက်ပြောလိုသည် က ကလောင်နာမည် ဆင်တူရိုးမှား

ကိစ္စများ ပင်ဖြစ်ပါသည် ။

ကျွန်တော့်ထံသို့ စာဖြင့် ဖုန်းဖြင့် မေးမြန်းကြသူများကို ပြောလိုသည်မှာ ...

ယခုလောလောဆယ် ကျွန်တော်အသုံးပြုနေသော ကလောင်အမည်လေးမျိုးမှာ -

'တြိစက္က၊ တြိစက္ခ၊ တြိသခ်၊ ပညာဒီပ' ဖြစ်ပါသည် ။

ကျန်ဆင်တူရိုးများ အမည်များမှာ ကျွန်တော့်ကလောင်ခွဲ မဟုတ်သလို ကျွန်တော်နှင့် လည်း မသက်ဆိုင်ပါ၊

ကျွန်တော့်ဇာတ်လမ်းများကို ထပ်တူသော်လည်းကောင်း၊ ဆင်တူရိုးများ ပြုလုပ်ခြင်းများမှာ ၎င်းတို့ တာဝန်သာဖြစ် ပါသည် ။

အတုပြုလုပ်ခြင်းများ အတွက် ပမာပြောရလျှင်၊

အရှိန်ရနေသောမီးတောက်အတွင်းသို့ ကောက်ရိုးတစ်ပွေ့ ထည့်သည် နှင့် ပမာတူပါသည် ။

ကောက်ရိုးမီးမှာ ခဏသာ တောက်ပြီး ပျောက်သွားပါ လိမ့်မည်၊ အတုပြုလုပ်ခြင်းမှာ ကိုယ်ပိုင်အရည်အချင်းနှင့် မဖန်တီးနိုင်ခြင်းကြောင့် ဖြစ်ပါသည် ။ ၎င်းမှာ ကိုယ်ပိုင်အရည်အချင်း မရှိသောကြောင့် အဘယ်မျှပင် တုပစေကာမူ အချိန်တန်လျှင် ရပ်တန့်သွားပါလိမ့်မည်။

သို့ကြောင့် အတုအပများ အဘယ်မျှ များ စေကာမူ ဂရုပြုရမည့် ကိစ္စမျိုး မဟုတ်ပေ။

ကျွန်တော်အသုံးပြုနေသော ကလောင်များမှာ အထက်လေးမျိုးသာဖြစ်ပါကြောင်း ပြောကြားရင်းနှင့် ...

ကျွန်တော့်စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည် ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ ...

တြိသန်

*

(ဒဿနလက်ဆောင်)

*မြစ်တစ်စင်းသည် သဲတစ်ပွင့်ကို အထင်သေးမိသောကြောင့် ဝင်ခွင့်ပေးခဲ့မိရာ...

နှစ်အတန်ကြာသောအခါ သောင်အတွက် မြစ်ကနေရာဖယ်ပေးလိုက်ရတော့သည် ။

*တဖက်သတ် ကြည့်မည်ဆိုပါက မျက်လုံးတစ်လုံးသာ ရှိပေလိမ့်မည်။ နှစ်ဖက်ကြည့်ရန်အတွက် သဘာဝက မျက်လုံးနှစ်လုံးပေးထားခြင်း ဖြစ်၏။

*အလုပ်တစ်ခုအတွက် ပုံမှန်လေ့ကျင့်နေမှုသည် ဓါးသွေးကျောက်အပေါ်၌ ဓါးတင်၍ သွေးနေသည် နှင့် သဏ္ဌာန်တူလေသည် ။

*မိတ်ဆွေစစ် မိတ်ဆွေမှန်အား ရှာဖွေရန် ခဲယဉ်းပါသည် ။

သင်ကိုယ်တိုင်က မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ကြိုးစားပြီးမှ ရှာဖွေလျှင် တွေ့နိုင်ပါသည် ။

*ဖြတ်လမ်းကို အသုံးပြုသူမှာ နှစ်မျိုးရှိသည် ။

အမြန်ရောက်လိုသူနှင့် လူသိမခံလိုသူဖြစ်သည် ၊ ဖြတ်လမ်းမှာ ပုံမှန်အသုံးပြုသောလမ်း မဟုတ်သောကြောင့် အန္တရာယ်များ သည် ။

*အချစ်သည် ...အချိန်ကို ကုန်လွယ်စေသကဲ့သို့ အချိန်သည် လည်း အချစ်ကို ကုန်လွယ်စေပါသည် ။

*ချစ်ခြင်းမေတ္တာသည် သန့်စင်ပြီး တန်ဖိုးရှိလှပါသည် ။ စည်းကမ်းမဲ့စွာ အသုံးပြုလျှင်တော့ တန်ဖိုးရှိရာမှ အန္တရာယ်ဆိုးအဖြစ် ပြောင်းလဲစေသည် ။

*အချစ်ကို တည်တံ့အောင် ပြုလုပ်နိုင်သောအရာမှာ သစ္စာတရားနှင့် တန်ဖိုးထားခြင်းတို့ ပင် ဖြစ်၏။

*မိမိသည် အမှန်တရားဘက်မှ အမြဲရပ်တည်နေသည် ဟု အမြဲပြောနေသူမှာ ... အမှားတစ်ခုခုအတွက် ကာကွယ်ပြောဆိုနေခြင်းသာ ဖြစ်တန်ရာ၏။

*ညွှတ်ကွင်းထဲ ရောက်သွားပြီးမှ ရုန်းထွက်ရန် ခက်ခဲလှသည် ။ ညွှတ်ကွင်းထဲသို့ မသက်ဆင်းမိစေရန် ကြိုတင်ရှောင်ရှားခြင်းကသာ ဘေးအန္တရာယ် ပိုကင်း စေပါသည် ။

*လောကတွင် ... သင်တစ်ယောက်တည်း အဆင်မပြေ ဖြစ်နေသည် ဟု တွေးနေမည့် အစား ငါ့ထက်ပို၍ အဆင်မပြေသူတွေ အများကြီး ရှိသေးပါ လားဟု တွေးကြည့်ခြင်းက စိတ်သက်သာမှု ရစေပါသည် ။

*သင့်ဘက်မှ တစ်ခုခု လုပ်မပေးနိုင်ဘဲနှင့် တော့ အခြားသူထံမှ အကူအညီ မယူပါနှင့် ။ ယူလျှင် တူညီသော ပေးဆပ်မှု ပြုရပါမည်။

*

အခန်း(၁)

ဝိညာဉ်လှောင်အိမ်
(သို့မဟုတ်)
သေမင်းခံတွင်းများ

ကမ္ဘာပေါ်တွင် ကွယ်ပျောက်နေသည့် ရတနာသိုက်ကြီး များ စွာတို့ ရှိပေသည် ။

အချို့ ရတနာသိုက်ကြီးများ အကြောင်းကို လူတို့ သိကြ လေသည် ။ အချို့တော်တော်များများကိုတော့ လူများ မသိကြပေ။

ရတနာသိုက်များကတော့ ရှိပင်ရှိငြားသော်လည်း အချို့က နေရာသိသော်လည်း ရှာမတွေ့ကြပေ။

အချို့ကတော့ နေရာမသိသောကြောင့် ရှာမတွေ့ကြပေ။

ဥပမာ ပင်လယ်ရေပြင်အောက်၌ နစ်မြုပ်နေသော အတ္တလန္တိတ် ရွေမြို့တော်ကြီးကိုသော်လည်းကောင်း၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ရွှေငွေရတနာ အမြောက်အမြားနှင့် နစ်မြုပ်သွားသော ရွက်လှေကြီးများ ၊ သင်္ဘောကြီးများကိုသော် လည်းကောင်း၊ အီဂျစ်၌ ရှိသော ဖာရိုးဘုရင်များ ၏ သချိုင်းဟောင်းများ သော်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်ရှိ ရွှေတွင်း၊ ငွေတွင်း၊ စိန်တွင်းများကို သော်လည်းကောင်း ရှိနိုင်မည့် နေရာ သိသော်လည်း ရှာဖွေ မရကြပေ။ ထို့ပြင် ရှေးလူတို့ သိုဝှက်မြှု

ပ်နှံသွားသော ရွှေငွေရတနာ သိုက် အမြောက်အမြားလည်း ရှိပေသည် ။

သို့သော် ရှာဖွေမတွေ့နိုင်ပေ။ အဘယ့်ကြောင့် ဆိုသော်...

ရတနာသိုက်ကြီးများမှာ သက်ဆိုင်ရာ အစောင့် အရှောက်များက သိုဝှက်ထားသောကြောင့် အလွယ်တကူ ရှာ မတွေ့နိုင်ကြခြင်း ဖြစ်ပေသည် ။

ဥပမာ ဖာရိုးဘုရင်များ ၏ အလောင်းများကို မြှုပ်နှံရာတွင် ပိရမစ်ကြီးများ အတွင်း၌ ရွှေငွေရတနာ အမြောက်အမြားတို့ နှင့် မြှုပ်နှံခဲ့ကြလေသည် ။

ပိရမစ်ကြီးများကို အများ မြင်သာသောနေရာမှာ ပင် ပြုလုပ်ခဲ့ကြသော်လည်း ၎င်းတို့ အတွင်း၌ ထည့်သွင်းမြှုပ်နှံထားသော ရွှေနှင့် ရတနာပစ္စည်းတို့ ကို ရှာဖွေမတွေ့နိုင်ကြပေ။

ရှာဖွေသည့် သူများ သာ ကျိန်စာအမျိုးမျိုးသင့်ကာ အသက်သေဆုံးခဲ့ကြရပေသည် ။

ထို့အတူ မြန်မာနိုင်ငံထဲ၌ ထိုကဲ့သို့ ထင်ရှားသော ရတနာသိုက်ကြီးများ စွာတို့ ရှိကြလေသည် ။

အများအားဖြင့်တော့ ဘာသာရေးနှင့် ဆက်နွယ်သော နေရာများမှာ အဓိက ပါဝင်ပေသည် ။

ဥပမာဆိုရလျှင် ရွှေတိဂုံ ဌာပနာတိုက်နှင့် အလောင်းတော် ကဿပကျောက်လိုဏ်ဂူအတွင်းမှ ရတနာသိုက်တို့ မှာ လူသိများ ထင်ရှားသော နေရာများ ဖြစ်သော်လည်း ယူဖို့ မဆို ထားနှင့် ၊ စိတ်နှင့် ပင် မပစ်မှားဝံ့သောနေရာများ ဖြစ်ပေသည် ။

ထို့ပြင် စာရင်းဝင်သိုက် နေရာပေါင်း

ကိုးသိန်းကိုးသောင်းကျော်ရှိပြီး စာရင်းမဝင်သော ဥစ္စာသိုက်ပေါင်းများစွာတို့ လည်း နေရာအနှံ့အပြားဌ ရှိပေသေးသည် ။

(၁၂၇၅)ခုနှစ်၊ မန္တလေးမြို့၊ ဈေးချိုတော်မြောက်ဘက်၊ ရွှေတချောင်းထိပ်(ရတနာဒီပံ ပိဋကတ်ပုံနှိပ်တိုက်)မှ ရိုက်နှိပ် ဖြန့်ချီသော ငမှန်ကန်းအထွဋ်ပွတ္တိနှင့် ဘုမ္မိသိုက်ကျမ်းရှစ်စောင် တွဲစာအုပ်တွင် မြေအောက်ဌ ရှိသော ရွှေငွေရတနာရှိသည့် သိုက်နေရာပေါင်း နှစ်ထောင်ကျော်ခန့်ကို ရေးသားဖော်ပြထား ပေသည် ။

ထို့ပြင် မန္တလေးမြို့ ဈေးချိုတော်၊ တိုက်ကြီးတန်း၊ အမှတ်(၂၂)မှ ထုတ်ဝေသော 'အဟိဇလစက်၊ ရတနာဂဇ္ဈစက် နှင့် ဒကဂ္ဂလ' ဘာသာကျမ်းဌ လည်း မြေအောက်ဌ တည်ရှိသော ဥစ္စာပစ္စည်းများကို အနက်အတောင်၊ နေရာနှင့် တကွ တွက်ချက် နိုင်သောနည်းများကို ရေးသားဖော်ပြထားပေသည် ။

ထို့ပြင် ဥစ္စာပစ္စည်းတို့ ကို စောင့်ရှောက်ကြသည့် နတ်များအကြောင်းကို ရေးသားဖော်ပြထားသည် မှာ လည်း စိတ်ဝင်စားဖွယ်ရာရှိပေသည် ။

၁။စည်းမျဉ်းသက်သက်တည်မူ ဂြိုဟ်(၉)လုံး၊

၂။တနင်္ဂနွေပူးမူ မုဒ္ဒဂြဟနတ်(သို့မဟုတ်)မုချဂြဟနတ်၊

၃။အင်္ဂါပူးမူ ခေတ္တာပါလနတ်၊

၄။ဗုဒ္ဓဟူးပူးမူ မာတိကာနတ်၊

၅။ကြာသပတေးနှင့် ပူးမူ ဒီပေသနတ်၊

၆။သောကြာနှင့် ပူးမူ ဘီသနနတ်၊

၇။စနေပူးမူ ရုဒြနတ်၊

၈။ရာဟု ပူးမူ ဘီလူး၊

၉။ကိတ်ပူးမူ နဂါးသည် ဥစ္စာပစ္စည်းကို စောင့်လေ၏။

ဟု ဖော်ပြထားပေသည် ။

မြေအောက်၌ ရှိသော ရတနာပစ္စည်းများ တို့ မှာ ရှာဖွေ တိုင်းလည်း မရ၊ မရှာဖွေဘဲနှင့် လည်း ကံအားလျော်စွာ ရကြပေသည် ။ မြန်မာနိုင်ငံ အတွင်း၌ ထိုကဲ့သို့ အမြောက်အမြား ရခဲ့ဖူးသူ များ ရှိကြပေသည် ။

မိုးကုတ်နယ်တွင် လယ်ယာလုပ်ကိုင်နေသော ငမောက် ဆိုသူသည် ၎င်း၏ ခြံဝန်းအတွင်းမှ ပတ္တမြားတုံးကြီးကို မမျှော် လင့်ဘဲ ရခဲ့ဖူးသည် ။

ထိုပတ္တမြားကြီးကို ဘုရင်အား သွားရောက်ဆက်သရာ ပတ္တမြားင မောက်ဟု နာမည်ကျော်ခဲ့လေသည် ။

ထိုကဲ့သို့ မမျှော်လင့်ဘဲ ရွှေတွင်း၊ ငွေတွင်း၊ ကျောက်တွင်းများကို ရှေးအတိတ်ကံကြောင့် တွေ့ခဲ့သူများ ရှိပေသည် ။

သုံးမကုန်အောင် ရခဲ့ဖူးသူတွေလည်း ရှိသည် ။

ထိုအထဲမှာ မှ သာဓကတစ်ခုကို ဖော်ပြပေးပါမည်။

ထိုကဲ့သို့ ထူးခြားသောဖြစ်ရပ်မှာ မြဝတီမြို့တော်၌ တစ်ချိန်က ရှိခဲ့ ဖူးပေသည် ။

မြဝတီမြို့ဟု ခေါ်ရခြင်းမှာ ၎င်း၏ အမည်ရင်းမှာ မုတ္တမ မွန်ဘာသာဖြင့် 'ကွမ်ဇရဲ့ ဖတိုင်' ဟု ခေါ်ဝေါ်ကြသည် ။

ပဲခူးမွန်ဘာသာစကားနှင့် 'ကွမ်ဖရဲ့ ပတီ' ဟု ခေါ်သည် ။ မြန်မာဘာ သာဖြင့် 'သဲအေးမြရွာ' ဟု အဓိပ္ပါယ်ရှိသည် ။

နောက်ပိုင်းကာလများ တွင် မွန်ဘာသာတဝက်၊ တလိုင်း ကရင်ဘာသာတဝက်၊ မြန်မာဘာသာတဝက် ရောနှောကာ 'သဲအေး' ဟူသော ဝေါဟာရ မပါတော့ဘဲ 'မြပတီ' ဟု ခေါ်ခဲ့ကြ ရာမှ ကာလကြာသောအခါ 'မြဝတီ' ဖြစ်လာခဲ့ပေသည် ။

မြဝတီမြို့တွင်း၌ ရွှေမင်းဝံဟု ဘွဲ့အမည်ရှိသော စေတီ တစ်ဆူရှိသည် ။

ထိုစေတီမှာ မြို့တွင်းမှာ ပင် ရှိပြီး မြေပြန့်ပေါ်၌ တည်ထားသောဘုရားဖြစ်သည် ။

ဉာဏ်တော်မမြင့်လှဘဲ နဂါးရုပ်များ ပါသော အုတ်တံတိုင်းနှစ်ထပ် ကာရံထားလေသည် ။

ရွှေမင်းဝံ စေတီတော်၏ မူလဘုရားဒါယကာမှာ သစ်ခေါင်းအလုပ်လုပ်သော ကရင်အမျိုးသားကြီး ဦးတက်ဖော့ဆိုသူ ဖြစ်သည် ။

ဦးတက်ဖော့၏ မူလဇာတိမှာ မြဝတီမြို့၏ တောင်ဘက် (၁၄)မိုင်ခန့် ကွာဝေးသော 'ဖလူးလေး' အမည်ရှိသောရွာဖြစ် လေသည် ။

ထိုရွာထိပ်တွင် ကြီးမားသော တိုင်လုံးကြီးများ ဖြင့် ဆောက်လုပ်ထားသော ဦးတက်ဖော့၏ နေအိမ်ဟောင်းကြီး ရှိသေးသည် ။

တစ်ချိန်က ကြီးကျယ်ခမ်းနားစွာ ရှိခဲ့ဟန်တူသော်လည်း ယခုတော့ ယိုယွင်းပျက်စီးနေချေပြီ။

ဦးတက်ဖော့သည် စိတ်ရင်းကောင်းပြီး သဒ္ဓါတရားရှိသူ တစ်ဦးဖြစ်သည် ။

တစ်နေ့တော့ အိပ်မက်ထဲတွင် လူကြီးတစ်ယောက် ရောက် လာပြီး ဒေါနတောင်တန်းဘက်သို့ တက်ခဲ့ရန် ဦးတက် ဖော့အား လာခေါ်လေသ

ည် ။

အိပ်မက်ထဲ၌ တွေ့လိုက်ရသောလူကြီးမှာ ဒေါနတောင်စောင့်နတ်ကြီးမှန်း နောက်မှ သိရလေသည် ။

နောက်တစ်နေ့တွင် တောင်ပေါ်သို့ တက်လာခဲ့ရာ ဒေါနတောင်တန်းထဲတွင် ပါဝင်သော တာအုပ်အမည်ရှိ တောင်သို့ ရောက်သောအခါ မြေပြင်ပေါ်မှာ ထူးခြားသောအရာတစ်ခုကို လှမ်းမြင်ရလေသည် ။

အခြားမဟုတ်ပေ...။

ကြီးမားသော မြွေကြီးတစ်ကောင်ပမာ အကြောင်းလိုက်ကြီး ပေါ်နေသော ငွေကြောကြီးပင်ဖြစ်တော့သည် ။

ဦးတက်ဖော့သည် ငွေကြောကြီးကို တွေ့သောအခါ ရသလောက် ဖြတ်ယူလေသည် ။

ထိုငွေများကို တာအုပ်တောင်ထိပ်မှာ ပင် သံဒယ်အိုးကြီး များ ဖြင့် အရည်ကျိုလေသည် ။

ထိုသံဒယ်အိုးကြီးများမှာ တာအုပ်တောင်ထိပ်တွင် ယခုတိုင် ရှိနေသေးသည် ဟု ဆိုသည် ။

တာအုပ်တောင်ကို မြဝတီမြို့မှ လှမ်းကြည့်လျှင် ကောင်းစွာမြင်နိုင်ပေသည် ။

ဦးတက်ဖော့သည် ငွေကြောကြီးကို ရသလောက် ဖြတ်ယူပြီးနောက် တောင်ထိပ်ပေါ်တွင် သံဒယ်အိုးကြီးများ ဖြင့် ကျိုကာ ငွေပြားများ ပြုလုပ်လေသည် ။

ငွေပြားပေါင်း မြောက်မြားစွာ ရသောအခါ အချို့ကို ဖယ်ထားပြီး အ

ချို့ကို လျှို့ဝှက်သောနေရာတွင် မြှုပ်နှံထားရန် စီစဉ်လေသည် ။ ဖလူးရွာ ၏ တောင်ဘက်(၁၇)မိုင်ခန့် ဝေးသော နေရာတွင် မိပါးရွာရှိသည် ။

၎င်းမိပါးရွာ၏ အထက်နားတွင် ကျောက်ခတ်ရွာ ရှိသည် ။

ထိုကျောက်ခက်ရွာနှင့် တည့်တည့် သောင်ရင်းမြစ် တစ်ဖက်ကမ်းသို့ ကူးကာ ၎င်း၏ ငွေပြားများကို သိုဝှက်မြှုပ်နှံထားခဲ့ လေသည် ။

ထိုအချိန်က သောင်ရင်းမြစ်တစ်ဖက်ကမ်းအထိ မြန်မာပိုင် နယ်နိမိတ်ဖြစ်သည် ။

ငွေပြားပေါင်း မြောက်မြားစွာတို့ ကို သောင်ရင်းမြစ် တစ်ဖက်ကမ်း၌ မြှုပ်နှံပြီးနောက် ကြီးမားသော ကျောက်တုံးကြီး များ ဖြင့် အပေါ်မှ ဖိကာ အမှတ်အသား ပြုလုပ်ထားခဲ့သည် ။

ထိုကျောက်တုံးကြီးများမှာ တစ်တုံးလျှင် ဆင်ရှစ်ကောင်ခန့် ဆွဲယူရလောက်အောင် ကြီးမားသည် ဟု ဆိုကြသည် ။

ထိုငွေပြားများ မြှုပ်နှံခဲ့သောနေရာကို အသေအချာ သိသူတို့ ရှိနေပေသေးသည် ။

ယခုအခါမှာ တော့ သောင်ရင်းမြစ်တဖက်ကမ်းမှာ မြန်မာပိုင် နယ်နိမိတ် မဟုတ်တော့ဘဲ ယိုးဒယားပိုင် နယ်နိမိတ် အတွင်း ကျရောက်သွားပြီဖြစ်သောကြောင့် သွားရောက်တူးဖော် ရန် မလွယ်ကူတော့ပေ။

ရှေးအခါက သောင်ရင်းမြစ် ဟိုဘက်ကမ်းသည် မြန်မာပိုင် နယ်နိမိတ်အတွင်း၌ ပါဝင်ခဲ့လေသည် ။

မြန်မာဘုရင်များ လက်ထက်က မြဝတီမြို့စား ဆင်ဖမ်း ရာတွင် အသုံးပြုသော ဆင်ကျုံးတစ်ခုပင် ယခုတိုင် ရှိနေသေး သည် ဟု ဆိုသည် ။

ဦးတက်ဖော့ ငွေပြားများ သွားရောက်မြှုပ်နှံခဲ့စဉ်က ထိုနေရာသည် မြန်မာနယ်နိမိတ်အတွင်း၌ သာ ရှိနေသေးသေ ကြောင့် သွားရောက်မြှုပ်နှံခဲ့ခြင်းဖြစ်သည် ။

အကယ်၍ သာ ယိုးဒယားပိုင်နယ်မြေဖြစ်လျှင် သွားရောက်မြှုပ်နှံ၍ ရမည်မဟုတ်ပေ။

အင်္ဂလိပ်အစိုးရလက်ထက်တွင် မြန်မာယိုးဒယား နယ်မြေ ခွဲခြားသတ်မှတ်သောအခါ သောင်ရင်းမြစ်ကိုပင် နယ်ခြား အဖြစ် သတ်မှတ်ပေးလိုက်သောကြောင့် သောင်ရင်းမြစ်ဟိုဘက် ကမ်းမှာ ယိုးဒယားဘက် ပါသွားပြီး ဒီဘက်ကမ်းက မြန်မာပိုင် နယ်နိမိတ်ဖြစ်ခဲ့သည် ။

ထိုသို့ သတ်မှတ်လိုက်သောအကြောင့် ဦးတက်ဖော့ သွားရောက်မြှုပ်နှံခဲ့သော ငွေဒင်္ဂါးများမှာ အလိုအလျောက် ယိုးဒယားပိုင်နယ်မြေအတွင်းသို့ ရောက်သွားလေတော့သည် ။

သွားရောက်၍ ရှာဖွေတူးဖော်ရန် မလွယ်တော့ပေ။

မြန်မာပြည်မှ တိုင်းရင်းသားတစ်ဦးဦး ပိုင်ဆိုင်သော ရတနာသိုက်ကြီးသည် ယခုတော့ ယိုးဒယားမြေအောက်သို့ ရောက်နေခဲ့ရပေသည် ။

ဦးတက်ဖော့သည် ၎င်းပြုလုပ်ထားသော ငွေပြားများကို အချို့ကို မြှုပ်နှံထားပြီး အချို့ကိုတော့ သုံးစွဲရန် ယူ လာလေသည် ။

ရှေးယခင်က ရွှေမင်းဝံစေတီ တည်သည့် နေရာမှာ ကြခတ်ဝါးတောကြီးများ ဖုံးအုပ်နေလေသည် ။

ဦးတက်ဖော့က သူပြုလုပ်လာသော ငွေဒင်္ဂါးများကို ကြခတ်ဝါးတော အတွင်းသို့ ကြဲချလိုက်ရာ ငွေလိုချင်သူများက ကြခတ်တောများကို ခုတ်

ထွင်ရှင်းလင်းကြရာမှ ကြခတ်တောကြီး ရှင်းသွားလေတော့သည် ။

ထိုအခါမှ ထိုနေရာတွင် ရွှေမင်းဝံစေတီ တည်ခဲ့ပေသည် ။

စေတီတည်စဉ်က အုတ်တစ်ချပ်ကို ငွေဒင်္ဂါးတစ်ပြားနှင့် ဝယ်ယူတည်ခဲ့ခြင်းဖြစ်လေသည် ။

ဦးတက်ဖော့ မကွယ်လွန်မီက သူခြံဝန်းအတွင်းရှိ လက်ပံပင်ကြီးတစ်ပင်အောက်တွင် ပိုလျှံသောငွေပြားများကို ရာဝင်အိုးကြီးငါးလုံးနှင့် မြှုပ်နှံထားခဲ့လေ၏။

ငွေမြှုပ်နှံထားသောနေရာအား သိရှိနိုင်ရန် ထိုနေရာ တည့်တည့်အပေါ်၌ ရှိသော လက်ပံကိုင်းတစ်ကိုင်း၌ သံကြိုးတစ်ချောင်းကို ချည်ကာ အမှတ်အသား ပြုလုပ်ထားခဲ့ပေသည် ။

ယခုတော့ ဦးတက်ဖော့ ကွယ်လွန်ခဲ့သည် မှာ နှစ်ပေါင်း များ စွာကြာမြင့်ခဲ့ပေပြီ။

ဖလူးရွာ၌ ဦးတက်ဖော့၏ ဆွေမျိုးများ ယခုတိုင် ရှိနေ ပေသေးသည် ။

ၔင်းကွယ်လွန်သွားသောအခါ ကျန်ခဲ့သူများက ဦးတက်ဖော့ မြှုပ်နှံထားခဲ့သည့် ရာဇဝင်အိုးငါးလုံးနှင့် အပြည့် ငွေပြားများကို ရှာဖွေရန်ကြိုးစားကြသည် ။

ခြံဝန်းမှာ ကျယ်ဝန်းသည် ကတစ်ကြောင်း၊ ခြံဝန်း အတွင်း၌ လက်ပံပင်ပေါင်းကလည်း ငါးဆယ်ကျော်ခန့် ရှိပေရာ ဘယ်အပင်အောက်၌ ရှာရမှန်း မသိကြတော့ပေ။

လက်ပံကိုင်း၌ ဦးတက်ဖော့ အမှတ်အသားပြုကာ ချည်ထားခဲ့သော သံကြိုးကလည်း မရှိတော့ပေ။

သို့သော်လည်း ၎င်း၏ ဆွေမျိုးတော်သူများကတော့ ယခုအချိန်ထိ ကြိုးစား၍ ရှာဖွေနေကြဆဲပင် ရှိနေကြသေးသည် ။

ရွှေငွေရတနာပစ္စည်းဟူသည် ရထိုက်သူသာ ရပြီး မရ ထိုက်သူများ ဆိုလျှင် အဘယ်မျှပင် ကြိုးစားရှာဖွေစေကာမူ မတွေ့နိုင်ပေ။

ဦးတက်ဖော့က ရထိုက်သူဖြစ်သောကြောင့် တောင်ပိုင် နတ်က အိပ်မက်ပေးကာ ပြသဖြင့် ကြီးမားသော ငွေကြောကြီး ကို တွေ့ခဲ့သည် ၊ ရရှိခဲ့ပေသည် ။

ယခု သူမြုပ်နှံခဲ့သောရတနာများကို နေရာသိပါသော် လည်း ယခုတိုင် ရှာမတွေ့နိုင်ခြင်းမှာ မရထိုက်သောကြောင့် သာ မှတ်ယူရပေတော့သည် ။

ရွှေငွေရတနာပစ္စည်းတို့ ကို မြေအောက်၌ မြုပ်နှံသိုဝှက် ကြသောအခါ မြေအောက်ရောက်သည် နှင့် သက်ဆိုင်ရာနတ် အစရှိသောပုဂ္ဂိုလ်များက စောင့်ရှောက်ကြရသည် ။

၎င်းတို့ ခွင့်ပြုချက် မရဘဲ အလွယ်တကူ ရှာတွေ့နိုင်မည် မဟုတ်ပေ၊ နေရာကို တွေ့သော်လည်း အတွင်းမှ ရွှေငွေရတနာကို တွေ့ရမည် မဟုတ်ပေ။

ဦးတက်ဖော့ မြုပ်နှံထားခဲ့သော ရာဝင်အိုးကြီးငါးလုံးနှင့် အပြည့်ရှိသော ငွေဒင်္ဂါးပြားများမှာ ၎င်းခြံဝန်းအတွင်းရှိ လက်ပံပင်ကြီးတစ်ပင်၏ အောက်၌ ရှိနေသည် မှာ အသေအချာပင် ဖြစ်၏။

ဦးတက်ဖော့ သေဆုံးသွားခဲ့သည် မှာ နှစ်ပေါင်းရှစ်ဆယ်ကျော် ကိုးဆယ်နီးပါး ကြာမြင့်ခဲ့သော်လည်း ယခုတိုင် ရှာမတွေ့ ကြသေးပေ။

အကယ်၍ ခြံဝန်းအတွင်းရှိ လက်ပံပင်ကြီးများအားလုံး တို့ ကို ဖြိုလဲ

၍ မြေအောက်သို့ တူးဆွရှာဖွေလျှင်လည်း ရာဝင်အိုး ကြီးများ သာ တွေ့ ချင်တွေ့နိုင်မည် ဖြစ်သော်လည်း ၎င်း၏ ငွေ ပြားများကတော့ ရှာတွေ့ဖို့ မလွယ်လှပေ။

အဘယ်ကြောင့် ဆိုသော်...

ဥစ္စာပစ္စည်းဟူလည်း ကာယကံရှင်များမှ လွဲပြီး ရထိုက်မှ ရပြီး သုံး ထိုက်မှ သုံးစွဲနိုင်ခွင့် ရှိသောကြောင့် ဖြစ်သည် ။

ထိုအခြေအနေမှာ ရှေးဘဝက အတိတ်ကံကြောင်းလည်း တစ်ခုအ နေနှင့် ပါဝင်နိုင်ပေသည် ။

အီဂျစ်နိုင်ငံတွင် ပိရမစ်ကြီးများ စွာ ရှိကြသည် ။

ထိုပိရမစ်ကြီးများ ထဲတွင် ဖာရိုဘုရင်အလောင်းများ နှင့် ရွှေငွေကျောက်သံပတ္တမြား မြောက်မြားစွာ ရှိနေကြောင်း လူတိုင်းသိကြ သည် ။

ပိရမစ်အတွင်းသို့ အရဲစွန့်ကာ ဝင်ရောက်ရှာဖွေသူများ လည်း ရှိကြ ပေသည် ။

လူအတော်များများမှာ ရတနာပစ္စည်းများ မရဘဲ အသက်ပေးခဲ့ရသ ည် က များ ပေသည် ။

ရှေးနှစ်ပေါင်းများ စွာကတည်းက မြုပ်နှံထားခဲ့သော ရွှေငွေရတနာ ပစ္စည်းများမှာ ယခုတိုင်ရှိနေကြသည် ။

အီဂျစ်တို့ သည် ဝိညာဉ်နှင့် သက်ဆိုင်သော ပြုမူဆောင် ရွက်မှုများ ကို အများ ဆုံး အသုံးပြုလေ့ရှိပြီး ၎င်းတို့ ၏ သခ်ၤဂြိုဟ်းကို ထိုပညာများ ဖြ င့် ကာကွယ်စောင့်ရှောက်ခဲ့ကြပေသည် ။

ရှေးအခါကပင် ရတနာပစ္စည်း အလိုရှိ၍ သော်လည်းကောင်း၊ သုတေသနပြုရန်အတွက်သော်လည်းကောင်း သခ်ျိုင်း ဂူများကို ဖွင့်ကြသူများ လည်း မကောင်းဆိုးဝါးမိစ္ဆာများ ၏ ဖမ်းဆီး နှောင့်ယှက်မှုကြောင့် သေကြေပျက်စီးခဲ့ကြရပေသည် ။

ရှေးအခါကပင် အီဂျစ်များ နှင့် ဘုန်းကြီးများ သည် နတ် ဝိဇ္ဇာအတတ်ပညာများ နှင့် မှော်ပညာတို့ ကို တတ်မြောက်ကြသူ များ ပေသည် ။

ဘေးအန္တရာယ် ကျရောက်စေသည့် မှော်ပညာများကို လည်း ယုံကြည်စွာ လေ့ကျင့်သင်ကြားခဲ့ကြသည် ။

ထိုအထဲတွင် ရုပ်အလောင်းများကို နှစ်ပရိစ္ဆေရ ကြာမြင့်သည် အထိ မပုတ်မသိုးဘဲ ပကတိအတိုင်း ရှိနေစေရန် စီရင်သော အတတ်ပညာများ လည်း ပါဝင်ခဲ့ပေသည် ။

ရှေးအခါကတော့ အလောင်းကို မပုတ်မသိုးအောင် စီရင်သောပညာမှာ ဘာသာရေး ကိုင်းရှိုင်းသော ဘုရင်များ နှင့် ဘုန်းကြီးများ အတွက်သာဖြစ်သည် ။

ၚင်းတို့ ၏ ရုပ်အလောင်းများကို နောင်လာနောက်သားများ အတုယူစေရန် ပြသရန်အတွက် စီမံခဲ့ခြင်းဖြစ်သည် ။

နောင်သောအခါ ထိုပညာမှာ အတတ်ပညာတစ်ခု အနေဖြင့် တည်ရှိလာခဲ့ပေသည် ။

အီဂျစ်တို့ ၏ ထုံးစံလည်း ဖြစ်ခဲ့သည် ။

အီဂျစ်တို့ သည် မသေဆုံးမီကတည်းက သခ်ျိုင်းဂူကို ပြင်ဆင်ပြီးသောအခါ ဝိညာဉ်အချို့ကို ခေါ်ယူကာ သူ၏ သခ်ျိုင်းကို စောင့်ရှောက်ရန် အစောင့်အရှောက်အဖြစ် စီမံထားခဲ့သည် ။

နောင်တချိန် ထိုသင်္ချိုင်းဂူများအား မသမာသူများ ၊ ဥစ္စာရှာဖွေသူများ ၊ သုတေသန ပညာရှင်တို့ က ဖောက်ထွင်းဖျက်ဆီး ကြသောအခါ ဘေးအန္တရာယ်ဆိုးများ နှင့် ကြုံတွေ့စေရန် စီစဉ်ထားခဲ့ခြင်းဖြစ်ပေသည် ။

ထိုယုံကြည်စွဲလန်းမှုများကြောင့် ၎င်းတို့ ၏ သင်္ချိုင်းဂူများမှာ နှစ်ပေါင်းများ စွာ ကြာမြင့်သည် အထိ မည်သူတစ်ဦးတစ် ယောက်မှ မဖျက်ဆီးဝံ့ကြတော့ပေ။

မှော်ပညာ တတ်သောသူတစ်ယောက်၊ သို့မဟုတ် အစီအရင်ပညာ ကျွမ်းကျင်သူတစ်ယောက် ၏ အစီအမံနှင့် သင်္ချိုင်းဂူကို အစောင့်ထားခဲ့သည် ရှိသော် ထိုသင်္ချိုင်းဂူကို ဖျက်ဆီးမိသူမှာ ဘေးဥပါဒ်အန္တရာယ်နှင့် ကြုံတွေ့ကာ အသက်ဆုံးရှုံးရလေ့ရှိသည် ။

ဝိညာဉ်တို့ စောင့်ရှောက်ကာကွယ်ထားသော သင်္ချိုင်းဂူကို ဖျက်ဆီးသောသူသည် မိမိသေတွင်းကို မိမိဖာသာ ပြန်လည် တူးသကဲ့သို့ ရှိလေသည် ။

တကယ်တော့ အီဂျစ်တို့ စီမံထားသော သင်္ချိုင်းဂူများ သည် 'ဝိညာဉ်လှောင်အိမ်' များ ဆိုက မမှားပေ။

ဝိညာဉ်များအား ထိုသင်္ချိုင်းဂူများ အတွင်း၌ ကျိန်စာ တိုက်ကာ ပိတ်လှောင်ထားခြင်းပင်ဖြစ်သည် ။

ဝိညာဉ်လှောင်အိမ်နှင့် သဏ္ဌာန်တူသော ထိုသင်္ချိုင်းဂူအား ဖောက်ဖျက်လိုက်ခြင်းသည် ၎င်းတို့ အား လွတ်လပ်ခွင့်ပေးကာ အပြင်သို့ ခေါ်ထုတ်လိုက်ခြင်းပင် ဖြစ်၏။

၎င်းတို့ သည် သင်္ချိုင်းဂူအတွင်း၌ နှစ်ပေါင်းများ စွာ ကြာမြင့်အောင်

နေခဲ့ကြရသောကြောင့် အပြင်သို့ ထွက်ခွင့်ရသော အခါ တွေ့သမျှလူတို့ကို အစွမ်းကုန် ဒုက္ခပေးလေတော့သည် ။

ဥပမာဆိုရလျှင် လှောင်အိမ်အတွင်းမှာ ပိတ်လှောင်ထားသဖြင့် ဒေါသဖြစ်နေသည့် ကျားရဲတစ်ကောင်ကို လှောင်အိမ် အတွင်းမှ အပြင်သို့ ထုတ်ပေးလိုက်သကဲ့သို့ ရှိလေသည် ။

လှောင်အိမ်တံခါး ဖွင့်ပေးလိုက်သည် နှင့် ဦးစွာတံခါးဖွင့် ပေးသော သူကို ကိုက်ခဲသတ်ဖြတ်ပစ်မည်မှာ သေချာလှပေသည် ။

ထိုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အစီအရင် များမှာ အီဂျစ်၌သာ မဟုတ်ပေ။

အခြားနေရာများ ၌ လည်း ရှိနေပေသည် ။

ဥပမာ တိဘက်တို့ ၏ မြို့တော်ဖြစ်သော လာဆာ၌ပင် တိဘက်လူမျိုးတို့ ၏ အထွတ်အမြတ်ထားသည့် လာမာဘုန်း တော်ကြီးများ ၏ လျှို့ဝှက်သချိုင်း များ ရှိပေသည် ။

ထိုသချိုင်းဂူများကို ဝင်ရောက်ကြည့်ရှုခွင့် ပြုထားသော်လည်း အကယ်၍ တစ်စုံတစ်ယောက်က နှောင့်ယှက်ဖျက်ဆီးဖို့ ကြံစည်လျှင်တော့ ဘေးဥပါဒ် အန္တရာယ်နှင့် ကြုံတွေ့ကာ အသက်ဆုံးရှုံးကြရပေသည် ။

အီဂျစ်သည် လည်းကောင်း၊ တိဘက်သည် လည်းကောင်း၊ အယူအဆနှင့် ပညာရပ်များ မတူသော်လည်း လူသေ အလောင်းကို မပုတ်မသိုးစေဘဲ နှစ်ပရိစ္ဆေရ ကြာမြင့်အောင် ထားနိုင်ဖို့ စီမံရာမှာ တော့ တူကြသည် ။

အချို့ကလည်း တိဘက်တို့ က အီဂျစ်မှ အစီအရင် နည်းပညာများကို ယူ၍ ပြုလုပ်ကြသည် ဟု မှတ်ချက်ချသည် ။ (တိဘက် လာမာဘုန်း

တော်ကြီးများ အလောင်းကို မပုတ်မသိုးစေရန် စီမံပြုလုပ်ပုံများအား အခြားစာအုပ်တစ်အုပ်၌ ရေးသားဖော်ပြပြီးခဲ့ပေပြီ)တကယ်တော့ အီဂျစ်သည် ဝိညာဉ်ကို အသုံးပြုသော မှော်ပညာတို့ စတင်ပေါ်ပေါက်ခဲ့ရာ ဗဟိုချက်ဆိုလျှင်လည်း မမှားပေ။

သို့ကြောင့် ယနေ့ထက်တိုင်အောင် ဆန်းကြယ်မှုများက ရှိနေဆဲပင်ဖြစ်သည် ။

အီဂျစ်ပြည်၌ ရှေးဟောင်းသချိုင်းဂူများမှာ နေရာအနှံ့ အပြားဌ ရှိကြလေသည် ။

လူအများ မြင်နိုင်သော ပိရမစ်ကြီးများကဲ့သို့ ထုထည် ကြီးမားလှသည့် အဆောက်အအုံကြီးများ ရှိသလို၊ လူတွေ့ မသိနိုင်၊ မမြင်နိုင်သောနေရာများမှာ လည်း မြောက်မြားစွာ ရှိပေသည် ။

ထူးဆန်းမှုများ နှင့် ရတနာပစ္စည်း ရှာဖွေသူတို့ က ရှာဖွေ ၍ မရနိုင်သော ပိရမစ်ကြီးများ ထက် သာမန်အနေနှင့် ပျောက်ကွယ်နေသော သချိုင်းဂူများကို ရှာဖွေလိုကြသည် ။

ထိုအထဲတွင် ဖာရိဘုရင် 'ဆက်နီဖာ' ၏ သချိုင်းဂူ အကြောင်းလည်း ပါဝင်ပေသည် ။

တကယ်တော့ ထိုသချိုင်းဂူမှာ ပျောက်ဆုံးနေသည့် လျှို့ဝှက်သချိုင်းဂူဖြစ်သလို ဝိညာဉ်လှောင်အိမ်ဟု ခေါ်နိုင်သည့် သေမင်းခံတွင်းပေါက်ဝတစ်ခုလည်း ဖြစ်ပေတော့သည် ။

*